**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့**

စာအမှတ် - ၆၅၇ - ၁ / ၂၀၂၃ (၀၃၉ )

ရက်စွဲ - ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက်

အကြောင်းအရာ။ **ဘေးအန္တရာယ်မြင့်မားစေသော ပိုးသတ်ဆေးများ ( Highly Hazardous Pesticides) အဆိပ်ရှိပစ္စည်းအချို့အား မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ကုမ္ပဏီများသိရှိလိုက်နာစေရေးအတွက်အသိပေးကြေညာခြင်း**

ရည် ညွှန်း ချက် ။ (၂၉-၁၂-၂၀၂၂) ရက်နေ့တွင် ကျင်းပသော ( ၃၈ )ကြိမ်မြောက် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်

၁။ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ( ၂၉-၁၂-၂၀၂၂ ) ရက်နေ့တွင် ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပိုးသတ်ဆေး မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ဖြစ်စေမှုမြင့်မားစေသော အောက်ပါ အဆိပ်ရှိပစ္စည်း (၃)မျိုးအား ထိန်းချုပ်စီမံမှု ပြုလုပ်နိုင်ရေးအတွက် အခြားနိုင်ငံများတွင် မှတ်ပုံတင်ခွင့်ပြုချက် ရရှိထားမှုအပေါ် စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း၊ (Watch Lists) တွင်ထည့်သွင်းခြင်းနှင့် မှတ်ပုံတင်အသစ် ခွင့်မပြုခြင်းတို့ကို သတ်မှတ်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ယင်းပိုးသတ်ဆေးများ နှင့်ပတ်သက်၍ -

(က) Atrazine ပေါင်းသတ်ဆေး၏ လူ့ကျန်းမာရေးအပေါ် အဆိပ်သင့်စေမှုနှင့် ပတ်ဝန်းကျင်အပေါ် အန္တရာယ်ဖြစ်စေသော အချက်အလက်အသေးစိတ် (it is one of the common contaminant in ground , surface water, drinking water and significant health concerned prostate cancer in men and breast cancer in women) အား Precaution အနေဖြင့် အညွှန်းစာပေါ်တွင် သိသာထင်ရှားစွာ ဖော်ပြစေပြီးမှ မှတ်ပုံတင်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

(ခ) မှတ်ပုံတင်ခွင့်ပြုပြီး ဖြစ်သော Metolachlor ပေါင်းသတ်ဆေးနှင့် Iprodione မှိုသတ်ဆေးတို့ကို စောင့်ကြည့်သည့်စာရင်း (Watch Lists) တွင်ထည့်သွင်းမည်ဖြစ်ပြီး မှတ်ပုံတင်အသစ်အဖြစ် ဆက်လက်လျှောက်ထား ခွင့်ပြုမည် မဟုတ်ပါ။

(ဂ) မှတ်ပုံတင်လျှောက် ထားဆဲ Metolachlor ပေါင်းသတ်ဆေးနှင့် Iprodione မှိုသတ်ဆေးများကိုလည်း မှတ်ပုံတင်ခွင့်ပြုမည် မဟုတ်ပါ။

၃။ သို့ဖြစ်ပါ၍ ဘေး အန္တရာယ်ဖြစ်စေမှုမြင့်မားစေသော အထက်ပါ အဆိပ်ရှိပစ္စည်း (၃)မျိုးအား ထိန်းချုပ်စီမံမှု ပြုလုပ်မှုအား ကုမ္ပဏီများ သိရှိလိုက်နာစေရေး အသိပေးကြေညာပါသည်။

(ဒေါက်တာရဲတင့်ထွန်း)
အတွင်းရေးမှူး

ဖြန့်ဝေခြင်း
သက်ဆိုင်ရာကုမ္ပဏီများအားလုံး

---

မိတ္တူကို

- ဥက္ကဋ္ဌ၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
- ကြော်ငြာသင်ပုန်း
- ရုံးလက်ခံ၊ နေ့စဉ်